Australian Government
Department of Immigration and Border Protection

# မှတ်ပုံတင်ထားသော ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ် သုံးရန် အကြံပြုချက်များ

## OMARA ဆိုတာ ဘာလဲ။

OMARA (Office of the Migration Agents Registration Authority) သည် DIBP (Department of Immigration and Border Protection) လူဝင်မှုကြီးကြပ်ရေးနှင့် နယ်နိမိတ် ကာကွယ်ရေး ဌာန ၏ ဌာနစိတ် တစ်ရပ် ဖြစ်သည်။ OMARA သည်သင့်တော်ပြီး စည်းစနစ်တကျဖြစ်သော ပုဂ္ဂိုလ်များကိုသာ ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များ အဖြစ် မှတ်ပုံတင်ရန် နှင့် ကိုယ်စားလှယ်များ အကြောင်း တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးရန် အာဏာအပ်နှင်းထားသော အဖွဲ့ဖြစ်သည်။

## ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ် ရွေးချယ်ခြင်း

- ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များ အားလုံးတို့သည် တစ်ဦးတည်းအတွက်သာဖြစ်သော ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များ၏ မှတ်ပုံတင် နံပါတ်၊ သို့မဟုတ် MARN (Migration Agents Registration Number) ရှိကြသည်။
- ပုဂ္ဂိုလ်တစ်ဦးဦးအနေနှင့် မှတ်ပုံတင်ထားခြင်း ရှိမရှိ စစ်ဆေးရန်အတွက် OMARA ၏ ဝက်ဘ်ဆိုက်တွင် ထိုပုဂ္ဂိုလ်၏ MARN ကို ရှာကြည့်ပါ။
- **သင် ဗီဇာရရှိလိမ့်မည်ဟု မည်သူမျှ အာမခံချက် မပေးနိုင် မှတ်ပုံတင်ထားပြီးသော ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ် ဖြစ်နေသော်ငြားလည်း အာမခံချက် မပေးနိုင်**
- ကင်းလွတ်ခွင့်ရထားသူမှလွဲ၍ ဩစတြေးလျားနိုင်ငံအတွင်း OMARA ထံတွင် မှတ်ပုံမတင်ထားဘဲ လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာ အကြံဉာဏ်ပေးလျှင် ဥပဒေ ချိုးဖောက်ရာကျသည်။ ကင်းလွတ်ခွင့်ရထားသူများစာရင်းကို ပုံစံ 956 တွင် တွေ့ရှိနိုင်ပါသည်။

## ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်ကို အသုံးပြုသည့် အခါ သုံးရန် အကြံပြုချက်များနှင့် အကြံကောင်း ဉာဏ်ကောင်း

### သင့်ကိုယ်စားလှယ်သည် အောက်ပါတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

- သင့်အတွက် အလုပ်လုပ်ရန် သဘောတူပြီးလျှင် သင့်အား *သုံးစွဲသူအတွက် လမ်းညွှန် (Consumer Guide)* တစ်စောင်ပေးရမည်။ သင့်အနေနှင့် OMARA ၏ ဝက်ဘ်ဆိုက်မှလည်း တစ်စောင် ရယူနိုင်သည်။
- သင် ငွေမပေးချေမီ ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ စာရင်းသွင်းထားသည့် *ဆောင်ရွက်မှုဆိုင်ရာ ရှင်းတမ်း (Statement of Services)* ကို သင့်အား ပေးပါလိမ့်မည်။
- သင်ပိုင်သော စာရွက်စာတမ်းများကို သင်ပြန်တောင်းသည့်နေ့မှစ၍ 7ရက်အတွင်း ပြန်ပေးရမည်။
- သင်၏ လျှောက်လွှာကိစ္စ သင်နှင့်ပြောသမျှရော DIBP နှင့် ပြောသမျှပါ မှတ်တမ်းတင်ထားရမည်။

### သင့်အနေနှင့် လုပ်သင့်သည်မှာ

- နိုင်ငံကူးလက်မှတ်များ၊ မွေးစာရင်းများ စသည်တို့၏ မူရင်းများကို သင့်ဆီမှာ သာ ထားပါ။ DIBP မှ လိုအပ်သည့် စာရွက်စာတမ်း အများစုတို့ကို မိတ္တူ အစစ်အမှန်ဖြစ်ကြောင်း တရားဝင် ဖော်ပြချက်ပါလျှင် လက်ခံပါသည်။
- သင်သည် သင်၏ကိုယ်စားလှယ်နှင့် ဆွေးနွေးသည့် အချက်အလက်များနှင့် ပေးခဲ့သည့် ညွှန်ကြားချက်များကို စာနှင့်ရေးပြီး အတည်ပြုပါ။ DIBP ကို ပေးသော အချက်အလက်များကို အခြားပုဂ္ဂိုလ်က ပုံစံကို ဖြည့်ပေးသော်ငြားလည်း မှန်ကန်ရန်အတွက် သင်၏ တာဝန်ပင်ဖြစ်သည်။
- ကိုယ်စားလှယ်၏ ဆောင်ရွက်ခ တောင်းခံသည့်အထဲတွင် မည်သည့် ဝန်ဆောင်မှုများ ပါသည်ဆိုသည့်အကြောင်း သင်နားလည်ဖို့လိုသည်။ OMARA ၏ ဝက်ဘ်ဆိုက်တွင် ကိုယ်စားလှယ်တို့၏ ပျမ်းမျှ ဝန်ဆောင်ခ ကို တွေ့ရှိနိုင်ပါသည်။

## သင်၏ ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ် နှင့် စပ်လျဉ်းသည့် ပူပန်မှုများ

- သင် အကြံပေးမှု လိုအပ်လျှင် OMARA ကို ဆက်သွယ်ပါ။ .
- **တိုင်ကြားချက် တင်ပြခြင်းသည် သင်ဗီဇာ လျှောက်ထားခြင်းကို ထိခိုက်မည်မဟုတ်ပါ။**
- ဩစတြေးလျားနိုင်ငံအတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အကူအညီပေးသည့် မှတ်ပုံမတင်ထားသောသူများကို လူဝင်မှုကြီးကြပ်ရေးဌာနသို့ ဖုန်းနံပါတ် 1800 009 623 ကို ဆက်ပြီး တိုင်ကြားရမည်။
- သင်၏ ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်ကို ဆက်လက်မသုံးလိုတော့ဘူးဆိုလျှင် ပုံစံ 956.၏ အပိုင်း B နှင့် C ကို ဖြည့်ပြီး DIBP ကို အကြောင်းကြားပါ။

## ပုဂ္ဂိုလ်တစ်ဦးသည် မှတ်ပုံတင်ထားခြင်း ရှိ မရှိ www.mara.gov.au တွင် စစ်ဆေးကြည့်ပါ။




## သိကောင်းစရာ အချက်အလက်များ ပိုမိုရရှိရန်

Office of the Migration Agents Registration Authority:
www.mara.gov.au သိုမဟုတ် ဖုန်း 1300 226 272

Department of Immigration and Border Protection:
www.border.gov.au သို့မဟုတ် ဖုန်း 131 881

စကားပြန်နှင့် ပြောဆိုရန်အတွက် ဘာသာပြန် နှင့် စကားပြန် ဝန်ဆောင်မှု (TIS) ထံ နံပါတ် 131 450 ကို ဖုန်းဆက်ပါ။